ခင်ဆွေဦး

# သဇင်ပန်း တစ်ခက်နှစ်ခက်

# သဇင်ပန်းတစ်ခက်နှစ်ခက်

(၁)

ရှုလော့ ...

ညှာတံ စိမ်းနုနုနှင့် အပွင့်လေးတွေက သေးသေးနုပ်နုပ်ပေမယ့်လည်း ၊ အစီအရီ ပွင့်ဖတ်ညီ ပြီး ငွေဝတ်လျှာဖြူ ဖွေးကာ ဝတ်ဆံက သင်္ဂီလျှံလန်း၊ စိန်စီ မှန်နန်းမှာ သာ ပန်ဆင်ရာ မြတ်ပန်း မဟုတ်ပါလား။

သူ့ရနံ့က ဘယ်သူနှင့်မှ မတူ၊ သင်းချိုချိုနှင့် ယဉ်ယဉ်လေးပေ။ ရနံ့က မပြင်းသော်လည်း ရေရှည်ခံ၍ ဆင်တိုင်းတင့်သောပန်းတည်း။ သို့ကြောင့်ပင် ခိုင်လုံးလန်းသော မြတ်ပန်းကို ဘုန်းနှင့် ကံနှင့် ရွှေသဇင် လို့ စာဆိုအရှိခဲ့သားပင်။ သို့သော် ...

သို့သော်လည်း

* * *

သမုဒယနယ်ဖြစ်သော လူ့ဘဝဂယ် တွေ့ဆုံခြင်းနှင့် ကွဲကွာခြင်းတို့ သည် ဆန်းသောဖြစ် ရပ် မဟုတ်သော်လည်း မနန်းအေးနှင့် ပြန်လည်စုံ စည်းရခြင်းအတွက်တော့မူ၊ ကိုဝင်းထိန်အနေနှင့် ကံကြမ္မာကို ချီးကျူးစ ရာကောင်းသည် ဟု ထင်လိုက်မိလေသည် ။

'တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါ' ဟူ၍ လည်းကောင်း၊ 'နှာရည်ယိုရွှဲ တပို့တွဲ' ဟူ၍ လည်း ကောင်း၊ တပို့တွဲ၏ ရက်စက်ကြမ်းကြုတ်သော အ အေးကို စာတစ်တန် ပေတစ်တန် ဖွဲ့လောက် အောင်ပင် တပို့တွဲသို့ရော က်တိုင်း မျက်ဝါးထင်ထင် တွေ့မြင်နေရလေသည် ။

နေလည်း ချမ်းမြ၊ လလည်း နှင်းရီ၊ ပီပီမထွန်းဆိုဘိသကဲ့သို့ နှင်းများ သည် ပိတ်ဖုံးအုံ့မှိုင်း ဝေရီနေခဲ့သည် ။ ရှုလိုက်တိုင်း လွမ်းဆွတ်ကြည် နူးဖွယ်ရာသာတည်း။

သို့သော်လည်း တပို့တွဲ၏ သာယာလှပသော သရုပ်သကန်သည် ရန် ကုန်မြို့တွင် ပေါ်လွင် ပီသခြင်း မရှိခဲ့ပါဟု ဝန်ခံရပါမည်။ သို့ကြောင့် ' ဆူးပန်းလဲပေါက်၊ ဝင်းဝင်းတောက်လျက် ကမ်း လျှောက်ရေးရေး၊ သဲဖြူ ဖွေးကို' ဘယ်မှာ လျှင် မြင်ခွင့်ရပါလေအံ့နည်း။

မြန်မာ့ရိုးရာ ထမနဲပွဲကိုတော့ ချစ်စရာ့အသွင်နှင့် နေရာတကာ တွေ့မြင်နေရပါပြီ။ ကောက် ဦးပေါ်ချိန်မို့ တပို့တွဲလဆန်းမှ အစပြု၍ လ ပြည့်နေ့တိုင်အောင် အမြို့မြို့ အရွာရွာတွင် ထမနဲပွဲကြီး များ ခြိမ့်ခြိမ့်သဲ မျှ ကျင်းပကြလေသည် ။ လွန်ခဲ့သောနှစ်က ဖြစ်ပါသည် ။

တနင်္ဂနွေတစ်နေ့ နံနက်ခင်းဝယ် တစ်ခုသော အမိတက္ကသိုလ်ကျော င်းဝယ်၊ ဆရာ ဆရာမ များက ကမကထပြုလုပ်၍ စုပေါင်း

ထမနဲထိုးကြလေသည် ။

နှင်းတဝေဝေနှင့် မြူမှုန်မကွဲသော နံနက်စောစောဝယ်၊ ချစ်စရာ မြန်မာ့ရိုးရာဓလေ့ပွဲတွင် စုပေါင်းပါဝင်ကြသော ဆရာ-ဆရာမများ နှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများမှာ ပျော်မြူး ရွှင်လန်းကြလေသည် ။

မီးတောက်များ ရဲလျှက်၊ ဒယ်အိုးကြီးထဲမှ ထမနဲသည် ဆီနိုင်းချင်း၊ အုန်းသီး၊ မြေပဲဆံနှင့်

နှမ်း၏ အနံ့တို့ က သွားရည်ယိုစရာ သင်းပျံ့၍ လာလေသည် ။ ထမနဲသည် တဖြည်းဖြည်း သမလျက် တဖျစ်ဖျစ် မည် လာလေသည် ။ မြေပဲအခွံချွတ်သူ၊ အုန်းသီးလှီးသူတို့ ကလည်း တစ်အိုးအတွက် ပြင်ဆင်ကြဆဲ၊ ချွေးတလုံးလုံးနှင့် စေးကပ်နေသော ထမနဲကို ယောင်းမကို တအားဆုပ်ကိုင်လျက် ခွန်တိုက်အားတိုက်ထိုးသူက ထိုးကြလေသည် ။

“အီး…အီး…. အမယ်လေး ငါးပုပ်ခြောက်ရယ် အဖြစ် မရှိရင် ဘေးဖယ်နေပါလား၊ ကြည့်ပါဦး ပုံပျက်ဆင်းပျက် မောနေလိုက်တာ …”

“ လာလေ … မကျီးကန်း၊ ခင်ဗျား လာထိုးကြည့်စမ်းပါလား….”

“ဟင့်အင်း…. မိန်းမအားနဲ့ ဘယ်ရမလဲ…”

“အဲဒီ ကြက်မက ထမနဲတော့ မထိုးနိုင်ဘူးရှင့် …. စားပဲ စားတတ်တယ်…”

တနင်္သာရီနယ်သား ကျောင်းသားတစ်ယောက်ကို ငါးပုပ်ခြောက်အမည်တပ်ကာ ခနဲ့ နေ သော မကျီးကန်းအမည်ခံ သားအလွန်ညိုသော ကျောင်းသူမိန်းကလေးက တစာစာအသံနှင့် ရယ် မော လိုက်လေသည် ။ ထိုကျောင်းသူနှင့်အတူ အခြားသော အဖော်မိန်းကလေးများကပါ ရယ်

လျက် တစ်ယောက်က ...

"ငါးပုပ်ခြောက်မောတာ ဘာဟုတ်သေးလဲ၊ နင့်မျက်ခမ်းစပ်တော့ သာခွေယိုင်နေပြီ ကျီး ကန်းရေ... ခေါင်းသာပြင်ထားပေရော့"

အထက်အညာက ကျောင်းသားတစ်ယောက်ကို မေးငေါ့ပြရင်း ပြော လိုက်ရာ၊ အားလုံး တသောသော ရယ်မောကြလေသည် ။

ရယ်သူများက ရယ်နိုင်သော်လည်း ၊ ဒယ်အိုးတွင် ဝိုင်း၍ ထမနဲကို နှဲ ၍ နှဲ၍ ထိုးကြသူများကား ပန်းဟိုက်နေပေပြီ။ အေးစိမ့်သော ဆောင်းအ ခါတွင် ပင် ချွေးများက ရေချိုးဘိသကဲ့သို့ တပြိုက် ပြိုက် ကျ လာလေသ ည် ။

ဆရာများ ဦးစီး၍ ကျောင်းသားများ စုပေါင်းသည် ဟု ဆိုရသော်လ ည်း အလုပ်သမားကြီးများ ဖြစ်သော ကိုမြနှင့် ကိုကုလားကြီးတို့ သာ မပါလျှင် ထမနဲမှ ဖြစ်ပါ့မလားဟု သံသယရှိစရာပင် တည်း။

နူးညံ့၍ ကလောင်တံကိုင်သော ကျောင်းသားများ ၏ လက်များ သ ည် ဆတ်ဆတ်တုန်၍ ကိုယ်များကား ဒယီးဒယိုင် ဖြစ်နေပေပြီ။ ဒါကိုပင် ကိုဝင်းထိန်က အားမလိုအားမရ ဖြစ်နေမိသည် ။ ထင်းခြမ်းများကိုခွဲခြမ်းနေရာမှ ဖျတ်ခနဲထကာ ဒယ်အိုးကြီးအနီးသို့ချဉ်း ကပ်ပြီး....

"မောင်ဖေသန်း ဖယ်စမ်းကွာ .... ဆရာ့ကို ပေးစမ်း...."

မောင်ဖေသန်းက ကိုဝင်းထိန်အား တအံ့တသြကြည့်ကာ ....

"ဟာ ...ဆရာ...ဖြစ်ပါ့မလား..."

"ကြည့်လေ ..."

ကိုဝင်းထိန်က ဤမျှသာပြောပြီးနောက်၊ ဒယ်အိုးထဲရှိ စေးကပ်နေအထိုးရခက်နေသော

ထမနဲကို ယောက်မနှင့် တအားမွှေကာ ထိုး လိုက်လေသည် ။

“ဒို့ဆရာ…”

မိန်းကလေးအချို့က လက်ခုပ်လက်ဝါး တီးနေသည် ။

လူပာန်က နွဲ့နွဲ့နှောင်းနှောင်းဖြစ်သော်လည်း ၊ ကျွမ်းကျင်သည် လည်း ဖြစ်တာကတစ် ကြောင်း၊ ခွန်အားစိုက်သည် လည်း တစ်ကြောင်းတို့ကြောင့် ယောက်မကို အခွာရခက်ဟန် မတွေ့ရ။ ယောက်မကိုကိုင်၍ ထမနဲကို ရေမကျန်အောင် အသာအယာပင် ထိုးနေသည် ။

ကိုဝင်းထိန်…ခါးတောင်းကျိုက်ဖို့…”

“ခင်ဗျား ပွဲတော်ရက်တွေမှာ ထမနဲထိုးရောင်းဖို့ ဆိုပြီး ဆီဘယ်နှစ်ပိသာ ထုတ်ရောင်းဖူး သလဲ…”

ဆရာအချင်းချင်း စသူက စနေရာ၊ ကိုဝင်းထိန်က ချွေးစို့သော မျက်နှာနှင့် ပြုံးနေသည် ။

များ မကြာမီပင် နဖူးမှ ချွေးများ သီးကာ မျက်နှာပြင်ပေါ်တွင် ယိုစီးကျ လာလေသည် ။ မော လွန်းသဖြင့် ပါးစပ် ‘ဟ’ လိုက်လေသည် ။ သို့သော် ဖွဲကိုတော့ မလျှော့သေး ဆက်တိုက် ‘ထိုး’… ‘ထိုး’ မွှေသည် ။ ကိုကုလားကြီးက အောင်သွယ်ခေါ်ကာ ယောက်မကြီးနှင့် ‘ထမနဲ’ ခဲကြီးကို အ လယ်တည့်တည့်မှ ခွဲခွဲပစ်သည် ။ ထမနဲပြင်ကြီး ခွဲပစ်ရသည် ကို ဘယ့်နှယ်ကြောင့် “အောင်သွယ်” ခေါ်သည် ကို ကိုဝင်းထိန် မတွေးတတ်ပေ။

“ထမနဲက တော်တော် စားကောင်းမယ်…”

ဆရာတစ်ဦးက မှတ်ချက်ချဆဲ….

“ဘာဖြစ်လို့ …..” မေးသူက မေးသည်။

ကိုဝင်းထိန်နဲ့ ကိုကုလားကြီးတို့ ချွေးတွေယိုဆင်းပြီး ဒယ်အိုးထဲ ကျနေတော့ အရသာ လေး လေးပင်ပင် ရှိလိမ့်မယ်……”ဟု ရှုတည်တည်နှင့် ပြောလိုက်သဖြင့် အားလုံး ပြုံးမိကြလေသည်။

ကျောင်းသားတစ်ဦးက ဆရာကိုဝင်းထိန် ကိုင်ထားသော ယောက်မကို ဝင်ဆွဲတော့မှ ကို ဝင်းထိန်က ရပ်နား လိုက်လေသည်။ နှုတ်မှ လေကို ဖူးခနဲမှုတ်ထုတ်ကာ မြက်ခင်းပေါ်တွင် ခြေပစ် လက်ပစ် ထိုင်ချ လိုက်လေသည်။ ကျောင်းသားမောင်ဖေသန်းက ကိုဝင်းထိန်၏ ပင်နီတိုက်ပုံအကျႌ ကို ကိုင်၍ လှမ်းပေးလိုက်ပြီး၊ ကိုဝင်းထိန်၏ အနီးတွင် ဒူးထောက်ထိုင်ကာ…

“ကျွန်တော်တို့ က မြို့မှာ ပဲကြီးတော့ ထမနဲပွဲဆိုတာ ပျော်စရာ စားသောက်ဖို့ ပဲ တွေးတာ၊ ဒါ လောက် ခက်ခဲပင်ပန်းလိမ့်မယ်လို့ တစ်ခါမှ မတွေးမိဘူးဆရာ၊ အတော်ခွန်အားစိုက်ရတဲ့ အလုပ်ပဲ၊ ဆရာ့အနေနဲ့ အတော်ကျင့်သားရခဲ့ပုံပဲ၊ အရင်က ဆရာ ထမနဲ ထိုးဖူးသလား…”

“ကိုယ့် ကျေးတောသားပဲကွာ၊ ထမနဲကို မနက်လင်းအားကြီး ‘ထ’ ပြီး အရဏ်ဆွမ်းကပ်ဖို့ အတွက် နှစ်စဉ်ထိုးခဲ့တာပဲ…”

“ဆရာ … ဘယ် အရပ်သားလဲ…”

“အမရပူရ မြို့နယ် …က”

“အမရပူရ…”

“အေး…”

"ဘိုးတော် ပြည်ကြီးပါလား ဆရာ..."

မောင်ဖေသန်းက ရယ်လျက် ပြောလိုက်ရာ၊ ကိုဝင်းထိန်က တိုက်ပုံအကျႌထဲမှ စီးကရက်ဘူး ထုတ်ကာ စီးကရက်တစ်လိပ်ကို ပါးစပ်တွင် တပ် လိုက်လေသည်။ ဆေးလိပ်ကို မီးညှိရှိုက်ဖွာပြီး နောက် မီးခိုးများ မှုတ်ထုတ်ကာ..."

"ဘိုးတော်ပြည်ကြီးဖြစ်တဲ့ အတွက်တော့ ဂုဏ်ယူစရာမဟုတ်ပါဘူး မောင်ဖေသန်းရာ၊ ရှင် ဘုရင်တွေ သူတို့ ကြိုက်တဲ့ နေရာ၊ နေချင်တဲ့ နေရာ အားအားယားယား လိုက်နေပြီး၊ အာဏာနဲ့ နေ ပြည်တော် သမုတ်တာပဲ ဆန်းသလားကွ၊ ကိုယ့်အနေနဲ့ ဂုဏ်ယူတာက..."

"ပြောပါဆရာ ... ဆက်ပြောပါ..."

"ကိုယ်... ဂုဏ်ယူတာက ဒီလို မြို့ရိုးကြီးမျိုးတွေ၊ ခံတပ်တွေ၊ တံတားကြီးတွေကို ခေတ် အဆက်ဆက် သွေးချွေးနဲ့ ရင်းပြီး ခွန်အားစိုက် အလုပ်လုပ်ခဲ့ကြတဲ့ ဒီနယ်သားတွေကိုပါပဲ။ ပြီး တော့ ဒီမြို့နယ်က ထွက်တဲ့ ထွက်ကုန်ပစ္စည်းအတွက်ရယ်၊ ဒီလိုထွက်ကုန်ပစ္စည်းမျိုးကို ထုတ်လုပ် ဖို့ အတွက် မနားမနေ ကြိုးစားကြတဲ့ မြို့နယ်တစ်ဝိုက်ရှိတဲ့ ကိုယ်တို့ ရွာသားတွေရယ်၊ ဘယ် လောက် ပင်ပန်းဆင်းရဲ-ဆင်းရဲ အပြုံးမပျက်နေနိုင်တဲ့ ဒီနယ်သားတွေရဲ့ ရောင့်ရဲတင်းတိမ်မှုရယ်၊ ရိုးဖြောင့်တာရယ်၊ သစ္စာရှိတာရယ်၊ ဒါတွေကိုပါပဲ..."

"ကျွန်တော့်အနေနဲ့ အမရပူရကိုတော့ မဝင်ဖူးပါဘူးဆရာ။ မန္တလေးက စစ်ကိုင်းအသွား တော့ ဖြတ်ဖူးပါတယ်... ဆရာက အမရပူရ ဘယ်အရပ်ကလဲ ဆရာ..."

ကိုဝင်းထိန်က သူ့နယ်၏ ငွေရောင်ဖွေးဖွေး သောင်ကမ်းဘေးအလှကို မြင်ရောင်မိရင်း၊ ငေးငိုင်မိကာ ....

"ကိုယ်လား...."

ကိုဝင်းထိန်က စီးကရက်ပြာများကို ချွေချကာ၊ အရောင်တောက်၍ စူးရှသော မျက်လုံးများ နှင့် မောင်ဖေသန်းအား စိုက်ကြည့်၍ ....

"အမရပူရက လွန်လာတော့ အင်းဂတံတားကြီးရဲ့ မြောက်ဘက်မှာ အမရပူရမြို့နယ်အဝင် အရပ်ဒေသတွေ ရှိသေးရဲ့ ၊ မြောက်စူးစူးမှာ ရွှေကြက်ယက်၊ ရွှေကြက်ကျရွာတွေ၊ ပြီးတော့ အင်းဂ တံတားကြီးနဲ့ ကပ်နေသလို ထင်ရတဲ့ အရပ်က 'ခဝါတော်' ဆိုတဲ့ အရပ်၊ ကိုယ်က အဲဒီ - ခဝါတော် အရပ်သားပဲ..."

"ဆရာက မြို့ပေါ်က မဟုတ်ဘူး ပေါ့..."

" မဟုတ်ဘူး ၊ အများအားဖြင့်ကွာ - မြို့ကြီးသား မြို့ကြီးသူအဖြစ် ဂုဏ်ယူချင်ကြတော့ ကိုယ့်ဇာတိရပ်ရွာလေးတွေကို တိမ်မြှုပ်ထားတတ်ကြတယ်။ ကိုယ့်အနေနဲ့ ကတော့ ဒီရပ်ရွာသား အဖြစ်နဲ့ ကျေနပ်ပါတယ်။

"ဟုတ်ကဲ့ ဆရာ ..."

"စဉ်းစားကြည့်စမ်း မောင်ဖေသန်း.... သူတို့ ကို မေးလိုက်ရင် မုံရွာသား၊ မန္တလေးသား၊ စစ် ကိုင်းသား၊ အမရပူရသားလို့ ပဲ အဖြေပေးကြသည် ခဝါတော်သားလို့ အဖြေပေးဖို့ နှုတ်ဆွံ့နေတတ် ကြတယ်။ ဒါ တရားသလား။ ကိုယ့်ဇာတိရပ်ရွာလေးဟာ သချႋင်းကုန်းလေးပဲ ဖြစ်ဖြစ်၊ ကျေးစူးမမဲ့ ရဘူး။ ဇာတိမြေပေါ် သစ္စာရှိတယ်ဆိုတာ စောင့်သိအပ်တဲ့ လူ့ကျင့်ဝတ်တစ်ရပ်ပဲ..."

မောင်ဖေသန်းက ကိုဝင်းထိန်၏ မျက်နှာကို စိုက်ငေးကြည့်နေသည် ။ ကိုဝင်းထိန်သည် မီးဖို ထဲမှ နှုတ်ထား၍ မီးခိုးတလူလူနှင့် မီးရှိန်လျော့

သွားသော ထင်းစအချို့ကို ငေးစိုက်ကြည့်နေသည် ။ သူ့ရင်တွင်း လှုပ်ရှားလာသဖြင့် စကားကို ထက်ထက်သန်သန် ပြောမိလေသည် ။ ဘာကြောင့် ဤ မျှ စိတ်လှုပ်ရှားနေမိသည် ကို မိမိဘာသာ မတွေးတတ် နိုင်ပေ။

"တကယ်တော့ သိပ္ပံထွန်းကားလှတဲ့ ခုလိုခေတ်ကြီးထဲမှာ ကိုယ်တို့ ရပ်ရွာလေးမှာ ခုချိန်ထိ လျှပ်စစ်မီး မရှိသေးပါဘူး။ လျှပ်စစ်မီး မရှိလို့ တောင့်တသလား၊ ညည်းညူသလား၊ ငြူစူသလား ဆိုတော့ ဒီလိုလည်း မဟုတ်ဘူး ၊ မီးခွက်အလင်းရောင်နဲ့ ကိုယ်တို့ ရက်ကန်းစင်တွေကရက် တဲ့ အထည်တွေဟာ အမရပူရအထည်အဖြစ် ကျော်လည်း ကျော်ကြားခဲ့ ပါရဲ့ ..."

ကိုဝင်းထိန်က ပြောဆိုပြီးနောက် စီးကရက်ကို သိပ်မတိုခင်ကပင် နောက်သို့ ဇတ်ခနဲ အ မှတ်မထင် လွှတ်ပစ် လိုက်လေသည် ။

"အို"

သူ၏ သောက်လက်စ မီးမသေသေးသော စီးကရက်တိုသည် တစ်စုံ တစ်ယောက်ကို ထိ မှန်ပြီဆိုသည် ကို စိတ်ထဲ သိလိုက်မိသည် ။ သိလိုက် သည် နှင့် လျင်မြန်ဖျတ်လတ်စွာပင် ဆရာမ တစ်စု စုဝေးထိုင်နေရာသို့ လှည့်ကြည့်လိုက်မိသည် ။ ခေတ်ဆန်ဆန်နှင့် နတ်မယ်လျှလို လှသူရော၊ မလှတလှ ရွက်ကြမ်း ရေကျိုရော၊ မလှပပေမဲ့ အပြင်အဆင်တတ်၍ ကြ ည့်ပျော်ရှုပျော်ဖြစ်နေသူ ရော၊ တက္ကသိုလ်၏ ကျက်သရေဆောင်များကို တွေ့လိုက်ရသည် ။

သည် ကြားထဲတွင် ထင်ရှားစွာ ပဝင်းသူလေးကို ရုတ်ခြည်း မြင်လို က်မိလေသည် ။

"ဘယ့်နှယ် .... ရမ်းလှချည်လား ဆရာရဲ့ ... လူလည်း ကြည့်ပစ်အုံး

မှ ပေါ့…”

ဤသို့လျှင် ဝင်းစက်စက်လေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ရန်ထောင်သလိုပြောဆဲ၊ ကိုဝင်းထိန်က အံ့သြကြက်သေ သေမိသည် ။ မမျှော်လင့်ခဲ့၊ မမျှော်လင့်တုန်းမို့ ကြော့ဆုံးကို လာ လိမ့်မည်ဟု လည်း မတွေး။ သူနှင့် ပြန်လည်ဆုံရလိမ့်မည်ဟု ဘယ်တော့မှ မတွေး၊ ဩော် … မတွေးလည်း မတွေးချင်ပါ။

ဆရာမလေးက သူ့ကို မကြည့်။ မီးလောင်ပေါက်သွားသဖြင့် နိုင်ငံခြားပစ် နိုင်လွန်ဆွယ် တာ အပေါက်လေးကိုသာ နှမြောတသစွာ ငေးစိုက်ကြည့်နေသည် ။ ကြက်ဥအဝါနှစ်ပမာ ဇာအထပ် များ နှင့် ဆွယ်တာလေးကို တယုတယ ရင်၌ ပိုက်ထားရင်း…

တက္ကသိုလ်မှာ ဆရာတစ်ယောက်ဖြစ်ပြီး ဒါလောက် ပစ်စလက်ခတ် နိုင်ရသလား။ တယ်

စည်းကမ်းမဲ့တာကိုး ဆရာရဲ့ ၊ ကျွန်တော့်အကျႌတော့ သွားပါပြီ။ ဒါမျိုးက လျော်လို့ လည်း ရတာ မဟုတ်ဘူး …”

“ဝမ်းနည်းပါတယ် ခင်ဗျား၊ ကျွန်တော် အမှုမဲ့ ပစ်မိပါတယ်။ မီးလောင်ပေါက်က သိပ်ကြီး သွားသလား၊ ဒေါ်နန်းအေး ဆွယ်တာကို ခုလို …”

“ဟင် .. ရှင်…”

သည် တော့မှ ပင် မနန်းအေးက ကိုဝင်းထိန်၏ မျက်နှာကို လှမ်းမော့ကြည့်လိုက်မိလေသည် ။ ပထမ သိပ်အံ့သြသလို ဖြစ်သွားမိသည် ။ ထို့နောက် အနည်းငယ် မှ ဲ့ငုင်းသွားသော မျက်နှာနှင့် မသိ မသာ ငိုင်သွားရင်း ခပ်ငေးငေးဖြစ်သွားသည် ။ ပြုံးလိုက်သော်လည်း ပြုံးသည်

ဆိုရုံသာ။

"ဒေါ်နန်းအေး ဒီကို ရောက်နေတာကိုး..."

"ဟုတ်ကဲ့ ... ကျွန်မ အရင်တစ်ပတ်ကပဲ ဗမာပြည်ကို ပြန်ရောက်တယ်။ ဒီမှာ ဗေကင့်ဖြစ် တာနဲ့ အလုပ်ဝင်ရတယ်။ မနေ့ကမှ 'စ' အလုပ်ဝင်တယ်လေ..."

"ဪ ... ဝမ်းသာပါတယ် ခင်ဗျာ... မိတ်ဟောင်းကျွမ်းဟောင်းနဲ့ ဒီလိုဆုံရတာ ဝမ်းသာ လှပါတယ် ခင်ဗျာ ..."

ကိုဝင်းထိန်က ထိုင်ရာမှ အသာ 'ထ' ၍ မနန်းအေးထိုင်နေရာသို့ လျှောက်လာရင်း ပြော လိုက်လေသည် ။ မနန်းအေးကမူ ဆွယ်တာလေးကို ကိုင်လျက် ကြောင်စီစီ မျက်နှာထားလေးနှင့် မြက်ခင်းပြင်ကို စိုက်ကြည့်ရင်း...

"ကိုဝင်းထိန်က ဒီရောက်နေတာကိုး ..."

ကိုဝင်းထိန်က တိုက်ပုံအကျႌကို ပြန်ဝတ်၍ ...

"ကျွန်တော် ဒီရောက်နေတဲ့ အတွက် အံ့တော့ မအံ့ဩပါဘူးနော် ..."

မနန်းအေး၏ မျက်နှာလေးကို စိုက်ကြည့်ရင်း တစ်လုံးချင်းမေးလိုက်မိလေသည် ။ နှုတ်ခမ်း ထောင့်စွန်းကို ကွေး၍ ပြုံးလိုက်သော်လည်း မျက်နှာက မသာမယာရှိနေသည် ။ မနန်းအေးက သူ ၏ ငေးကြောင်နေသော မျက်နှာထားလေးကိုပြင်ရင်း ခပ်သဲ့သဲ့ ရယ်မောလျက် ...

"အို... ဘာ အံ့ဩစရာ ရှိသလဲ၊ ကော်စီကာ ကျွန်းသားလေးဘဂကသာမန်ဆင်းရဲသား နပို လီယန်တောင် အင်ပါရာ အရှင်သခင် ဖြစ်ခဲ့သေးတာပဲ..."

“ဂမ်းတော့ ဂမ်းမနည်းဘူးလား...”

ကိုဝင်းထိန်က ရင်ထဲတွင် မလင်းသည် မို့၊ မပြောသင့်ဘူးဟု ဦးနှောက်က တားဆီးသည့် ကြားထဲ၊ နှလုံးသားငမိုက်က နှုတ်ကို စီးထားလေသည် ။ မနန်းအေး၏ ဘေးမှ အဖော်ဆရာမများ က သူတို့ နှစ်ယောက်ကို တစေ့တစောင်း အကဲခတ်သလို ကြည့်ကြသဖြင့် မနန်းအေးကား မျက်နှာ လေးများ နီ လာပြီးနောက် ...

“ဒီမှာ ကိုဝင်းထိန်ရဲ့ ၊ ဒီလို ခနဲ့ မယ်ဆိုရင် ကျွန်မနဲ့ စကားရှေ့ဆက်မပြောရင် ကောင်းလိမ့် မယ်...”

“မဟုတ်ပါဘူး၊ ကျွန်တော် မနန်းအေးရဲ့ စိတ်ထားကို သိချင်လို့ ပါ။ တစ်ခါတလေ ကံကြမ္မာ ဆိုတာက တယ်လောကွတ်ချော်ချင်တာကိုးဗျ။ မတွေ့ချင်တဲ့ လူကိုမှ လာတွေ့ရတယ်ဆိုရင် မနန်း အေး ကံကို မကျိန်ဆဲချင်ဘူးလား ကိုင်း ...”

“ဟင့်အင်း ... ဘာ ကျိန်ဆဲစရာရှိလဲ၊ ကျွန်မ ဘာကိုမှ မကျိန်ဆဲဘူး။ ဘယ်သူ့ကိုမှ လည်း မကျိန်ဆဲပါဘူး။ ဘဝကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေ ကျွန်မမှာ ရှိနေပါပြီ။”

“အဲဒီ သတ္တိတွေက နောက်များ ကျနေပြီလား ...”

ကိုဝင်းထိန်က မနန်းအေးနှင့် မလှမ်းမကမ်းတွင် ထိုင်ချလိုက်သည် ။ မနန်းအေး၏ ဘေးတွင် စောစောက ရှိနေသော ဆရာမများ သည် ဖယ်ခွာ၍ သွားကြလေသည် ။ တမင်သက်သက် သိသလို လိုနှင့်လည်း ပြုံးဟန်ပြသည် ။ စကားတင်းဆိုမည့် မျက်နှာထားများကို မြင်တွေ့ရသော် ကိုဝင်းထိန် က စိတ်ခုမိသေးသည် ။ သည် တစ်ခါ ကျိန်ဆဲချင်နေသော သူကား ကိုဝင်းထိန်သာလျှင်တည်း။

မနန်းအေး၏ နီမြန်းနေခဲ့သော မျက်နှာကလေးကား အရောင်များ ပြေလျော့ကာ မဖြုံသလို အမူအရာနှင့် ...

"အို ... ဘာပဲဖြစ်ဖြစ်လေ ကျွန်မ နားလည်တာကတော့ လူ့ဘဝဆို တာ ဘာတဲ့ ဟိုသီချင်း တစ်ပုဒ်လိုပေါ့။ ဘဝဆိုတာ ရယူခြင်းမဟုတ် ပေးဆပ်နေရခြင်း ဖြစ်သည် ဆိုတာလေ။ ကျွန်မအဖို့ အခုတော့ ပေးဆပ် နေရတာ ပေါ့လေ..."

"ပေးဆပ်နေရတယ်... မနန်းအေးလို မိန်းမျိုးက ဘဝကို ပေးဆပ်နေ ရတယ်ဆိုတော့..."

"အို ... ကျွန်မလိုမိန်းမမျိုးက ပိုပေးဆပ်ရတာ ပေါ့။ ဒါလောက် အကြံကြီးခဲ့တယ်။ ရည်မှန်း ချက်တွေ ပြည့်ခဲ့တယ်။ လူတကာနဲ့ ယှဉ်ရင် ကိုယ်က သာချင်တယ်။ ဒီလိုမိန်းမမျိုးမှ စိတ်သောက မရောက်ခဲ့ရင် ဘ ယ်သူရောက်မလဲ...."

"ဒါတော့ လူတိုင်းဟာ ရည်မှန်းချက် ကြီးကြတာပဲ မဟုတ်လား..."

ကျွန်မက သူများ ထက် ပိုထူးကဲချင်တော့ ဘုရားသခင်က ဒဏ်ခတ် လိုက်တာပေါ့။ ခုတော့ တောင်ထိပ်ပေါ်က လိမ့်ကျခဲ့ရတာ ပါပဲ။ တစ်ခါ တုန်းက ကျွန်မတို့ အင်းဝဘက်သွားတော့ ဘုရား လတ်ကျောင်းတိုက်က ဆရာတော်က နန်းမတော် မယ်နုအကြောင်း ပြောလိုက်တာ မှတ်မိသေး သလား..."

"ဟာ ... ဒါကြောင့် မနန်းအေးက နန်းမတော်မယ်နုလို စိတ်ထားမျိုး ရှိတဲ့ မိန်းမမှ မဟုတ်ဘဲ နဲ့ ..."

"မဟုတ်ပါဘူးလေ ... ကျွန်မပြောချင်တာက ဒီလို မိဖုရားခေါင်ကြီး တောင် သေဆုံးခါနီး မှာ သူကိုးကွယ်တဲ့ ဆရာတော်က ဘယ်လို မိန့်သ

လဲ၊ မိဖုရားကြီး ဒါ အကြွေးဆပ်တာပဲ ဂမ်းမနည်းနဲ့ ဆိုမဟုတ်လား… ကျွန်မလည်း ဘာဂမ်းနည်းစရာရှိသလဲ၊ ဂမ်းနည်းရင် ကျွန်မ ညံ့ရာ ကျ တော့မှာ ပေ့ါ..”

မနန်းအေးက ရယ်ရယ်မောမော ပြော လိုက်လေသည် ။ သို့ပေမယ့်၊ သည် လို ရယ်လိုက်ခြင်း

သည် သူ၏ ငိုချခြင်းကို ဖုံးကွယ်လိုက်ခြင်းသာဖြစ်ပါသည် ။ မျက်ရ ည်က ဝဲနေသည် မို့ ကိုဝင်းထိန် က မနန်းအေး၏ မျက်လုံးအိမ်ကို စိုက်ကြည့်ပြီးနောက်

“မနန်းအေး… ဘာတွေ ဖြစ်နေသလဲ …”

“ဟုတ်တယ် … ကျွန်မ ဘာတွေ ဖြစ်နေသလဲ”

မနန်းအေးက ငေးလျက် ပြန်မေးလိုက်ရာ၊ မနန်းအေးတစ်ယောက် စိတ်ညစ်နေပြီဆိုသည် ကို တွေးမိ၍ ၊ ကိုဝင်းထိန်က နှုတ်ခွန်းဆက်ကာ ငြိမ်သက်နေမိသည် ။ ၃မိနစ်မျှ တိတ်ဆိတ်နေရ သည် ကို ၃နာရီမက ကြာသည် ထင်မိရာမှ စကားကို လှီးလွှဲကာ ..

“စောစောက ကျွန်တော် စီးကရက်ကို အရမ်း လွှင့်ပစ်မိတာ မနန်း အေးရဲ့ ဆွယ်တာ နှမြောစရာဗျာ၊ မဆင်မခြင် ကိုယ့်စိတ်အတိုင်းလုပ်ရင် ဒီလိုဖြစ်မှာ ပဲ ဒါ သင်ခန်းစာပဲ။ ကျွန်တော် အစားလျှော်ပေးမှ ပဲ…”

“ဒီဆွယ်တာမျိုးက အစားလျှော်လို့ မရပါဘူး…”

“အဖိုးတန်မှန်း သိပါတယ်ဗျာ၊ မနန်းအေးဝတ်သမျှ ထိတ်ထိတ်ကြဲချ ည်းဆိုတာ ကျွန်တော် မသိဘဲ ရှိမလား…”

“ကိုဝင်းထိန်ရယ် … ကျွန်မကို ဒီလို မခနဲ့ ပါနဲ့ …”

"မခနဲ့ ဝံ့ပါဘူး… ကျွန်တော် အမှန်အတိုင်း ပြောမိတာပါ။ ကျွန်တော် ပြန်အစားဝယ်ပေး မယ်ဆိုတာလည်း တကယ်ပါ။ မှောင်ခိုဈေးမှာ လေးငါးရာလောက် ပေးလိုက်ရင် ဒီထက်ကောင်း တာတောင် ရလိမ့်မယ်ထင်တယ်…."

"မှောင်ခိုဈေးကို အားပေးမလို့ လား … တော်ပါပြီ။ မလိုချင်ပါဘူး။ ကျွန်မနဲ့ ကိုဝင်းထိန်တို့ ဟာ ဒီလို လျော်ရမဲ့ လူတွေမှ မဟုတ်ဘဲ …

မနန်းအေး၏ ပြေလည်သော စကားများ အတွက် ကိုဝင်းထိန်က ကျေးဇူးတင်မိပါသည် ။ "ကျွန်မနဲ့ ကိုယ်ဝင်းထိန်တို့ ဟာ ဒီလိုလျော်ရမဲ့ လူတွေမှ မဟုတ်ဘဲ …"ဆိုသော စကားတွေက အဘယ်မျှ ချစ်စရာကောင်းလေသနည်း။ မနန်းအေးသည် ရှေးယခင် တွေ့စတုန်းကတည်းက ချစ် စရာကောင်းလိမ့်မည်ဟု တွေးမိခဲ့သားပင်။

မုန်းလည်း မုန်းခဲ့ဖူးပါသည် ။

တစ်ဦးနှင်တစ်ဦး ရန်လည်း ထောင်ဖူးကာ စောင်၍ နေခဲ့ကြဖူးသည် ။ တကယ်တော့ ချစ် သည် မုန်းသည် ဆိုသော ကိစ္စထက်၊ လူတန်းစား ပဋိပက္ခသဘောထားများ လည်း ပါရှိမည်ထင်ပါ သည် ။ အောက်တန်းလွှာကို နှိမ်တတ်သော အထက်တန်းလွှာတို့ ၏ သဘောထားနှင့် အောက် တန်းလွှာတို့ ၏ မခံချင်သော စိတ်ဓာတ်၊ ကျားနာတို့ ၏ တန်ပြန်မှုမျိုးကို ရင်ဆိုင်တွေ့ကြသည် ။

ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြသည် ။ တစ်ဦးနှင့်တစ်ဦး အသေဆော်ဖို့ ရန်ရှိဆဲ၊ ကိုယ် တို့ မှာ လူသားစင်စစ်မို့ သိမ်မွေ့နူးညံ့သော မေတ္တာတရားတွေက တိရစ္ဆာန်ထက် ပို၍ နေပါသည် ။ ဤကား ကိုဝင်းထိန်၏ အတွေး…

တိုတိုနှင့် ရှင်းရှင်းပြောရလျှင် မနန်းအေးကို ပထမတွေ့စက ချစ်စ

ရာကောင်းသည် မို့ ချစ် ဆဲ၊ မာနခဲမို့ မုန်းသည် ၊ မုန်းရာမှ ချစ်သည် ၊ ချစ်ရာမှ မုန်းခဲ့သေးသည် ။ ထို့နောက်…

မြက်ခင်းပင်ရှည်များကို လက်နှင့် အသာဆွဲနှုတ်နေမိရာက ကိုဝင်းထိန်၏ အတွေးများ သည် ရှည်သည် ထက် ရှည် လာလေသည် ။ တကယ်တော့ ကံ့ကော်ပင်အောက်မှ တက္ကသိုလ်နယ်၏ မြက် ခင်းပြင်များ ထက် ချစ်စရာကောင်းသောအရာကိုလည်း ပြေး၍ မြင်ယောင်မိသည် ။

ငွေသဲသောင်ပြင်ထက်မှ စိမ်းသော ကိုင်းပင်များ သည် ဘာအစိမ်းနှင့်မှ မတူအောင် လဲ့လဲ့ စိမ်းကာ လေတွင် ယိမ်းနွဲ့နေခဲ့သည် ။ စိမ်းသည်မှ မျက်စိအေးအောင်ပင် အဟုတ်တကယ် စိမ်း သော ငှက်ကျေးတောင်ဖြန့်သကဲ့သို့ ရှိသော ကိုင်းပင်များကို အမြဲလိုပင် အမှတ်ရနေမိပါသည် ။

ထိုကိုင်းပင်များ နှင့်အတူ ငယ်စဉ်က ဘဝကို အောက်မေ့တမ်းတသည် ဆိုရမည်ပင်။ လူ့ ဘဝဆိုသည် မှာ ရောဂတီမြစ်ရေစီးသည် သို့ ညင်သာလေသလား။ သံလွင်မြစ် စီးသကဲ့သို့ အရှိန် ပြင်းလေသလား။ ပင်လယ်မုန်တိုင်း ထန်ဘိသကဲ့သို့ ရှိလေမည်လား။ ထိုစဉ်က မတွေးမိ။

* * *

# (၃)

ဧရာဝတီ မြစ်ပြင်ကြီးက လှိုင်းဖွေးဖွေးနှင့် နေရောင်ခြည်အောက်တွ
င် တောက်ပ၍ရွှေ ရောင်ဝင်းဆဲ၊ ငွေသဲလွှလွှကလည်း
တမျှော်တခေါ်ကြီး ငွေရောင်လင်းနေသည် ။ ငွေသဲသောင် ထက်မှ ကိုင်း
ပင်ရှည်ရှည်တို့ မှာ အရွက်ဖားဖားကြီးများ နှင့် စိမ်းမြနေသည် ။ ကိုင်းပ
င်များကြားထဲမှ ငှက်ပျောစိမ်းနုရောင် လည်ဆံမွေးဖွာဖွာနှင့် ထိုးထွက်
လာသော ပြောင်းဖူးများကို မြင်တွေ့နေရ သည် ။

ကိုင်းပင်များ အကြားမှ ညိုမှောင်စိမ်းရင့်သော မြေပဲပင်များကို
လိပ်ပြာသဏ္ဍာန် အပွင့်ဝါဝါ လေးများ နှင့် တွေ့နေရသည် ။ ဆောင်းတွ
င်းမို့ မြစ်ရေလျော့ကျကာ သောင်ထွန်းသည့်နေရာတို့ ၌ ဆောင်းရာသီ
ကိုင်းများကို မြင်တွေ့နေရမည်ဖြစ်ပါသည် ။

ကိုဝင်းထိန်တို့ ၏ ရွာလေးကား နေခြည်အောက်တွင် သစ်ရိပ်မှောင်
မှောင်၊ သပြေပင်၊ မယ် ဆယ်ပင်၊ သရက်၊ မရန်း၊ ပိန္နဲပင်အုပ်အုပ်တို့ နှင့်
လှပစွာည ဝပ်စင်းတည်ရှိနေခဲ့သည် ။ ရွာသည် အိမ်ခြေသိပ်မများ လှ
ပေမင့်၊ ရွှေကြက်ယက်၊ ရွှေကြက်ကျရွာမှ သည် မြစ်ပြင်ကို အလျားလို
က် မျဉ်း ပြိုင်သဖွယ် တည်လာခဲ့သဖြင့် ရွာတန်းရှည်ကြီးလို ဖြစ်နေခဲ့သ
ည် ။

တောင်ပေါ်စေတီများမှာ ကျော်ကြားသဖြင့် ထူး၍ ချဲ့ထွင်ပြောစရာမ
လိုသော်လည်း တစ် ဖက်ကမ်းတွင် မြင်နေရသော
တောင်ရိုးနှင့်စေတီများမှာ လွမ်းဆွတ်ကြည်နူးစရာ ကောင်းလှပေ သည်
။

ဆိပ်ကမ်း တစ်ဖက်တစ်ချက်၌ 'ငှက်' ခေါ် လှေကလေးများ သည် လွ
န်းကလေးသဖွယ် စီ တန်းလျက်ရှိနေသည် ။ ခဝါတော်ဆိပ်ကမ်းကား

တစ်ဖက်ကမ်းကဲ့သို့ ဆိပ်ခံသင်္ဘောကြီးများ မရှိ သော်လည်း သစ်ဖောင်များ နှင့်လည်းကောင်း၊ သစ်ဖောင်ထက်မှ အမိုးအကာရှိသော တဲအိမ်ငယ်

လေးများ နှင့် ရှုခင်းသာလေသည် ။

ကိုဝင်းထိန် လူမှန်းသိစအရွယ်တွင် ကိုင်းပင်များကြားတွင် လူကြီးများ နှင့်အတူ လိုက်ပါ၍ဆော့ကစားနေခဲ့သည် ကိုလည်းကောင်း၊ အမေက ဖောင်ထက်၌ အဝတ်လျှော်ရင်း မိမိက ရေထဲ တွင် ကျွဲပမာ နေ့တစ်ဝက်ကုန်အောင် စိမ်နေခဲ့သည် ကိုလည်း ပျော်မဆုံးပါ။

အင်းဂတံတားနှင့် အနီးဆုံးသော ရေချိုးဆိပ်ဖြစ်သောကြောင့် တံတားကုန်းကြီးကို ထင် ထင်ရှားရှား မြင်တွေ့ရသည့်နည်းတူ၊ တံတားပေါ်မှ ဖြတ်သန်းသွားခဲ့သော မီးရထား၊ မော်တော် ကားများကိုလည်း အသေအချာမြင်တွေ့နေရသည် ။ ရထားနှင့်မော်တော်ကားပေါ်မှ ခရီးသည် များ ကို “ဟေး” ဟု သံကုန်အော်ဟစ်ကာ၊ လက်များ ဝှေ့ရမ်းပြခဲ့သည် ကိုက အရသာတစ်ပါးပင် ဖြစ်ခဲ့ သေးသည် ။

တစ်ခါတစ်ရံလည်း မော်တော်ကား မီးရထားများ နှင့်အပြိုင် သဲသောင်စပ်တစ်လျှောက် ပြေး နေခဲ့သေးသည် ။ သည့်နောက် ညီအစ်ကိုမောင်နှမ အရင်းရော ဂမ်းကွဲများ ရော စု၍ အတူ နံနက် စောစော သောင်သို့ထွက်၍ ကိုင်းပင်များ နောက်တွင် ကွယ်၍ နောက်ဖေးနောက်ဖီကိစ္စ ထွက်ကြ ရင်း စကားအငြင်းအခုန်ဖြစ်ကြသည် ကို ဘယ်တော့မှ မမေ့နိုင်ပါ။

“ဟော့ … ဝင်းထိန်… စစ်ပြီတဲ့ သိရဲ့ လား….”

ကိုဝင်းထိန်ထက် သုံးနှစ်ခန့်ကြီး၍ (၉)နှစ်ခန့်ရှိသော မောင်ကိုကြီး

က ပြော လိုက်လေသည် ။

"အေး...ချစ်ဖြစ်တော့ ဘာချစ်လဲ..."

စကားကို တော်တော်နှင့် မပီနိုင်ဘဲ နှပ်တရှုံ့ရှုံ့နှင့်နေတတ်သော ကို ဝင်းထိန်က မေးလိုက် သည် ။

"စစ်ဖြစ်တော့ အကုန်တေနတ်နှင့် ပစ်ကုန်တာပေ့ါ။ ဗုံးတေလည်း ကျဲတယ်။ လူတေလည်း အများကြီး တေတယ်တဲ့ ..."

"လူတွေ တေတယ်..."

"အေးပေ့ါ... မနက်ကတောင် အဘပြောသေးတယ်။ လူတေတာ သွေးတေ ချောင်းတောင် ဖြစ်ကုန်ရောတဲ့ ...."

"တေနတ်နဲ့ ကျစ်တော့ တွေးတေ အများကြီးထွက်တာပေ့ါ"

ဝင်းထိန်က တအင်းအင်းနှင့်နေရာမှ အောက်တောက်တောက် အသံ နှင့် ပြော လိုက်လေ သည် ။ ဝင်းထိန်၏ ဘေးမှ အသက် ၄နှစ်ခန့်သာရှိ သေးသော နှမငယ် ဂျာရစ်က တရှုံ့ရှုံ့နှင့် ငိုနေ သည် ။

"အီး ... ဟီး ... ဟီး ... ကြောက်တယ် .... ကြောက်တယ်..."

ကောင်မလေးက အသံထွက်အောင်ကာ ငိုမဆုံးနိုင်ပေ။

"တိတ်စမ်း....ဒီကောင်မလေးဟာ ... စစ်ဖြစ်တာ ငိုရသလား၊ ငိုတာ မကောင်းဘူး..." ဟု မောင်ကိုကြီးက ဖျောင်းဖျဆဲ ...

"အင့်ဟင်း ကြောက်ရို့ပါ ..."

ဂျာရစ်က ငိုမစဲနိုင်ပေ။ ဝင်းထိန်ကလည်း ကြောက်လာသလိုလို ဖြစ် လာလျက် ငြိမ်သက် နေသည် ။ မောင်ကိုကြီးကသာ သူ့အတွက် အထူး အဆန်းဖြစ်သော မဆုံးနိုင်တော့သည့် စစ်ပုံပြင် များကို သူ့ညီနှင့်နှမများ

အား ဖောက်သည် ချနေသည် ။ စစ်ပုံပြင်များ တွင် ဝင်းထိန်တို့ မကြား ဖူးတာ တွေ ကြားနေရသည် ။

"ဟစ်တရာဆိုတဲ့ လူကြီးက စစ်တိုက်တဲ့ ...နှုတ်ခမ်းမွေးနဲ့ ဗိုလ်ကြီး ပေါ့။ ငါ တိပ်တောက်မြင် ကပ်တာပဲ။ အင်္ဂလိပ်တွေလည်း ပြေးတော့မ ယ်တဲ့ ၊ ကုလားတွေလည်း ပြေးတယ်။ ဗမာတွေပဲ ကျန်တော့မယ်တဲ့ ။ ဒါကို ဦးလေးကွန်းက ကောင်းတယ်တဲ့ ။ အဘနဲ့ တောင် ငြင်းကြသေး တယ်ကွ.."

ဝင်းထိန်က ငေးကြောင်ဆဲ၊ ဂျာရစ်က အငိုရပ်သွားလေသည် ။ မဲည စ်နေသော ရှဉ့်မီးအကျႌ လေးနှင့် သူ့မျက်နှာကို ငုံ့သုတ် လိုက်လေသည် ။ ထို့နောက် ....

"အစ်ကို..."

ဝင်းထိန်အား လှမ်းခေါ်လိုက်သည် ။

"ဘာရဲ..."

"အမေက ဘုရားချစ်ခိုးရင် နာတို့ မတေဘူးလို့ ကြောတယ်ဟုတ် လား..."

"အေး ..."

"နာ ... ဘုရားချစ်ခိုးလည်း မရဘူး ..."

"နာလည်း မရဘူး .. အစ်ကိုကြီးကို တင်ခိုင်းရမယ် တင်ပေးနော်"

မောင်ကိုကြီးက ခေါင်းတစ်ချက် ညိတ်ကာ ဝင့်ကြွားစွာနှင့် ...

"မင်းတို့ ကို သင်ပေးရမှာ ပေါ့ကွ၊ ဘုရားတရား ကြည်ညိုရင် ဘေး ကင်းတယ်ကွ ..." ဟု ပြော လိုက်လေသည် ။

သည့်နောက်တော့ မောင်နှမတစ်တွေ ဘုရားအတူတူ ကန်တော့ကြသည် ။ မောင်ကိုကြီးက သူတတ်သမျှ မှတ်သမျှ ချပေးကာ မောင်ကိုလေး၊ နှင်းမြ၊ ဝင်းထိန်နှင့်ဂျာရစ်တို့ က လိုက်ဆိုကြ သည် ။ ဘုရားရှိခိုးအဆုံး၌ မောင်ကိုကြီးက တိုင်ပေး၍ ..

“ဘုရားတပည့်တော်တို့ ...”

“ဘုရားတပည့်တော်တို့ ...”

“ဘေးကင်းပါစေ ...”

“ဘေးကင်းပါစေ ...”

“သေနတ် မမှန်ပါစေနဲ့ ...”

“သေနတ် မမှန်ပါစေနဲ့ ..”

“ဗုံးချရင် ဟိုဘက်ကမ်းကို ကျပါစေ၊ ဒီဘက်မရောက်ပါစေနဲ့ ”

“ဗုံးချရင် ဟိုဘက်ကမ်းကို ကျပါစေ၊ ဒီဘက်မရောက်ပါစေနဲ့ ”

မောင်ကိုကြီးတို့ ၏ ဘုရားရှိခိုးလည်း အဆုံး ဘထွေးလူလေးက “မဟုတ် ... မဟုတ်တွေ ဆိုအုံး ... ”ဟု ကြိမ်းမောင်းကာ ဝါးခြမ်းပြားနှင့်ရိုက်သဖြင့်၊ မောင်နှမတစ်တွေ အိမ်အောက်ထပ်သို့ တရကြမ်းဆင်းပြေးကြလေသည် ။

ဝင်းထိန်၏ အမေ ဒေါ်ဆင့်က ရယ်မောနေသည် ။

* * *